"ပညာဆည်းပူး ပန်းသို့ခူး"

စာရေးသူ ----- တောင်ဖီလာဆရာတော်

(စာရေးသူအတ္ထုပ္ပတ္တိအကျဉ်း)

ရည်ရွယ်ချက် ။ ။လောကအလယ် ပညာရောင်ဖြင့် ထွန်းလင်းတောက်ပစွာ နေထိုင်သွားနိုင်ရန် ၊ ပညာရှာဖွေဆည်းပူးရာတွင် ပန်းခူးသကဲ့သို့ စစ်စစ်ပေါက်ပေါက် ရှာဖွေဆည်းပူးသင့်ကြောင်း အသိပေးလိုသော ရည်ရွယ်ချက်ဖြစ်ပါသည်။

- ကဗျာပါ အချက်အလက်များကို ရှင်းလင်းခြင်း
- သံဝရမင်းသား၏ ပညာဆည်းပူးပုံ
- ဝိဇ္ဇာ ၊ သိပ္ပ ပညာများကို ကြိုးစားသင်ယူသင့်ပုံ
- ပညာကို မကြိုးစားဘဲ အိပ်စားကာ မနေသင့်ပုံ
- ပွဲလမ်းသဘင် နှစ်သက်သူများနှင့် မပေါင်းသင့်ပုံ
- ပညာရှာရာ၌ ပန်းများခူးသကဲ့သို့ စစ်စစ်ပေါက်ပေါက် ရှာဖွေသင်ယူသင့်ပုံ
- ပညာတတ်ပါက မဏိဇောတပြည်တန်မြကဲ့သို့ ထွန်းလင်းတောက်ပပုံ

“ဇီဝက”

စာရေးသူ -----    မင်းယုဝေ

(စာရေးသူအတ္ထုပ္ပတ္တိအကျဉ်း)

ရည်ရွယ်ချက် ။ ။ ဆေးပညာသင်ကြားနေသော လူငယ်များအား သမားစစ် သမားမှန်တို့၏ စစ်မှန်သော စိတ်ထားမျိုး ထားတတ်စေလိုခြင်း

- ကဗျာပါ အချက်အလက်များကို ရှင်းလင်းခြင်း
- ဆေးကျောင်းသားများ သမားတော်ဇီဝကကဲ့သို့ ပညာကိုကြိုးစားရှာဖွသင်ယူရန်
-ဆရာဝန်ဖြစ်လာသောအခါ လူနာများအပေါ် စေတနာထားရှိအပ်ပုံ
-ဆရာဇီဝကနှင့် ပမာနှိုင်းပြထားပုံ
- သမားစစ်၊ဆရာစစ်တို့ ယုံကြည်ချက် ထားရှိအပ်ပုံ

“ကျောင်းသားများနှင့်အလုပ်”

စာရေးသူ ----- အမျိုးသား ပညာဝန် ဦးဖိုးကျား

(စာရေးသူအတ္ထုပ္ပတ္တိအကျဉ်း)

ရည်ရွယ်ချက် ။ ။ အလုပ်လုပ်ခြင်းဖြင့် ကောင်းမြတ်သော ကျေးဇူးများ ရရှိနိုင်သဖြင့် ကျောင်းသားများကို ငယ်စဉ်ကတည်းက အလုပ်လုပ်အောင်သင်ကြား ပေးစေလိုသော ရည်ရွယ်ချက် ဖြစ်ပါသည်။

- ဆောင်းပါးပါ အချက်များကိုရှင်းလင်းခြင်း
- အလုပ်လုပ်မှုတိုးတက်နိုင်ပုံ
- လူတိုင် အလုပ်မလုပ်ကြသည်မှာ အလေ့အကျင့်နည်းသောကြောင့်ဖြစ်ပုံ
- ကျောင်းသားများငယ်စဉ်ကတည်းက မိမိကိုယ်ကိုအားကိုးသည့်အလေ့ အကျင့်ရှိသင့်ပုံ
- အလုပ်လုပ်ပြီး ကျောင်းနေသော ကျောင်းသားများကို အားကျသင့်ပုံ
- ကိုယ်တိုင် အလုပ်လုပ်ခြင်းဖြင့် ရရှိသော အကျိုးတရားများ

“ ဆေးရုံနှင့်ကျွန်တော်(သို့)တတိယအတွေး”

စာရေးသူ -----    ဆရာဇော်ဂျီ

(စာရေးသူအတ္တုပ္ပတ္တိအကျဉ်း)

ရည်ရွယ်ချက်  ။  ။ဆေးရုံသည် ဒုက္ခမဟုတ်ကြောင်း ရောဂါဝေဒနာများကို ပျောက်ကင်းအောင် သက်သာလာအောင် နည်းမျိုးစုံဖြင့် ကုသပေးသော နေရာတစ်ခု ဖြစ်ကြောင်း သိရှိစေလိုသောရည်ရွယ်ချက်ဖြစ်ပါသည်။

- ဆောင်းပါးပါ အချက်များကိုရှင်းလင်းခြင်း
- ဆေးရုံကိုမြင်တိုင်း ရောဂါနှင့်ဒုက္ခဟု စွဲမှတ်နေတတ်သော ပထမအတွေး
- လူနာအဖြစ်ရောက်ရှိသည့် ဒုတိယနေ့တွင် မှ ဆေးရုံသည် ဒုက္ခနယ်မြေ ဟူသောအစွဲ ပြုတ်သွားသည့် ဒုတိယအတွေး
  ဆေးရုံသည် ရောဂါ၊ ဒုက္ခမျိုးစုံတို့ကို တိုက်ခိုက်ချေမှုန်းရာ အရပ်၊ လူနာ တို့အား ရောဂါပျောက်ရေးမှ ကင်တင်ပေးသည်ဟူသော တတိယအတွေး

“ ရေစီးနှင့် ကျောက်ဆောင်”

စာရေးသူ---------------ညွန့်ဝေ (ကသာ)

(စာရေးသူအတ္တုပ္ပတ္တိအကျဉ်း)

ရည်ရွယ်ချက်။ ။ အသပြာအတွက် ကိုယ်ကျင့်သိက္ခာတရား မပျက်စီးစေရန် ရိုးသားမှုဂုဏ်သိက္ခာကို ထိန်းသိမ်းရင်းမိမိဘဝကိုတိုးတက်အောင်ကြိုးစားကြစေလိုသော ရည်ရွယ်ချက်ဖြစ်ပါသည်။

-ကဗျာပါ အချက်အလက်များကို ရှင်းလင်းခြင်း

-ရေစီးကြောင်းမှာ ဗေဒါများ ပျော်ရွှင်စွာ မျောလိုက်ပါကြသကဲ့သို့ လူ့ဘောင်လောကမှာ ငွေပျော် ကုန်သည်များ ကိုယ်ကျင့်တရားကို မစောင့်ထိန်းဘဲ ငွေရှာခြင်းနှင့်ပျော်မွေ့နေကြသည်။

-ထိုရေစီးကြောင်းမှာ ဒိုက်သရောများ သာယာစွာ မျောလိုက်ပါကြသကဲ့သို့ လူ့ဘောင်လောကမှာ ငွေရေစီးကြောင်းထဲသို့မမျှော်လင့်ဘဲ ရောက်ရှိလာပြီး ရုန်းထွက်ရန်မကြိုးစား မသမာသောနည်းဖြင့် ငွေရှာကာ ပျော်မွေ့နေကြသည်။

- ဖောင်ကြီးများသည် ထိုရေစီးကြောင်းမှာ စီးပါသကဲ့လူ့ဘောင်လောကမှာ အုပ်စုဖွဲ့ကာ ကိုယ်ကျင့်တရားကိုမငဲ့ဘဲ ငွေရှာကာ ပျော်မွေ့နေ ကြသည်။

- ထိုရေစီးကြောင်း၏ ဘေးတွင် ကျောက်ဆောင်ကလေးသည် ရေတိုက်စားမှု ဒဏ်ကိုခံ၍ ရပ်တည်နေရသကဲ့ လူ့ဘောင်လောကတွင်လည်း ရိုးသားမှုဂုဏ် တို့ဖြင့် ရပ်တည်နေကြသောသူများလည်း ရှိပေသည်။

သူနာပြုဘုရား

စာရေးသူ---------------မင်းသုဝဏ်

(စာရေးသူအတ္ထုပ္ပတ္တိအကျဉ်း)

ရည်ရွယ်ချက်။ ။မြတ်ဘုရားကိုစံနမူနာယူ၍ သူနာပြုလုပ်ငန်း၏ မွန်မြတ်ပုံကို သိရှိစေလိုခြင်းဖြစ်ပါသည်။

ကဗျာပါ အချက်အလက်များကို ရှင်းလင်းခြင်း

-ဘုရားရှင်သည် ညီတော်အာနန္ဒာနှင့်အတူ တပည့်သံဃာတော်တို့၏

နေထိုင်စားသောက်မှုကို အစဉ်သတိထားကာ လှည့်လည်ကြည့်ရှုခြင်း

-ကျောင်းဆောင်အတွင်း၌ညစ်ပေနေပြီး ဝေဒနာ ခံစားနေရသော

သူနာရဟန်းတစ်ပါးကို ဘုရားရှင်တွေ့မြင်ပုံ

-ဘုရားရှင်သည် သူနာရဟန်းအား ကိုယ်တိုင် ပြုစုပုံ

-ဘုရားရှင်သည် ရဟန်းတို့အား ဆုံမသြဝါဒပေးပုံ

ဆန္ဒစွမ်းရည်

စာရေးသူ---------------ရွှေဥဒေါင်း

(စာရေးသူအတ္ထုပ္ပတ္တိအကျဉ်း)

ရည်ရွယ်ချက် ။ ။လောက၌ လူတို့သည် လောကီလောကုတ္တရာနှစ်ဖြာတွင် မည်သည့်ကိစ္စရပ်မျိုးကိုမဆို ပြင်းစွာသော ဆန္ဒဖြင့်ကြိုးစားလျှင် အောင်မြင်မှုရရှိမည်ဖြစ်ကြောင်း

သိရှိစေလိုသော ရည်ရွယ်ချက် ဖြစ်ပါသည်။

- ဆောင်းပါးပါ အချက်များကိုရှင်းလင်းခြင်း
- ပြင်းစွာသောဆန္ဒ သည် လောကီလောကုတ္တရာနှစ်ဖြာတွင် အောင်မြင်ခြင်း၏ အခြေခံဖြစ်သည်။
- ပြင်းစွာသောဆန္ဒရှိပါက ဘုရားပင်ဖြစ်နိုင်သည်။
- ပြင်းစွာသောဆန္ဒရှိပါက စိတ်အားထက်သန်ခြင်း ၊ ဝီရိယနှင့်ဇွဲကောင်းခြင်း ၊ ဖန်တီးစီမံတတ်မှုများ ဖြစ်ပေါ်လာပါသည်။

-ပြင်းစွာသောဆန္ဒသည် အောင်မြင်ခြင်း၏ ခရီးတစ်ဝက် ရောက်ခြင်းဖြစ်သည်။

အမျိုးသားယဉ်ကျေးမှု

စာရေးသူ---------------ပါမောက္ခဦးဇေမောင်

(စာရေးသူအတ္ထုပ္ပတ္တိအကျဉ်း)

ရည်ရွယ်ချက် ။ ။ မိမိတို့၏ အမျိုးသားယဉ်ကျေးမှုကို စနစ်တကျ ထိန်းသိမ်းတီထွင် ဖော်ထုတ် ကျင့်သုံးတတ်စေရန်၊ အမျိုးသားသဘောတရားနှင့် ဆန့်ကျင်ဘက်ဖြစ်သော ယဉ်ကျေးမှုတို့ကိုရှောင်ကြဉ်စေလိုသော ရည်ရွယ်ချက်ဖြစ်ပါသည်။

- ဆောင်းပါးပါ အချက်များကိုရှင်းလင်းခြင်း
- ယဉ်ကျေးမှုသဘောတရားဖြစ်ပေါ်လာပုံ
- မြန်မာနိုင်ငံတွင်ရှေးကတည်းက အမျိုးသားယဉ်ကျေးမှုရှိခဲ့ပုံ
- အမျိုးသားယဉ်ကျေးမှုကြောင့် ရရှိလာသော အကျိုးကျေးဇူးများ
- မပျောက်ပျက်အောင် ထိန်းသိမ်းသင့်ပုံ
- မကောင်းသည်ကိုပယ်၍ ကောင်းသည်ကို လက်ခံသင့်ပုံ
- တိုးတက်လာသော ယဉ်ကျေးမှုကို အမျိုးသားအသွင်သဏ္ဍာန်ပြောင်း၍ လက်ခံသင့်ပုံ